# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၃ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။
# [၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၃။]
# ၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။
# (၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၂၆ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲ ခြင်း။

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်း ကျပ်ငွေ ၁,၃၉,၉၂,၇၈,၀၀၀ (ဤအက်ဥပဒေနောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကိုထုတ်၍၊ ၁၉၅၄ ခု နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံး စွဲနိုင်သည်။

၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် ငွေချေးယူခြင်း။

၂။ ။ (၁) ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်းတွင် စုစုပေါင်းကျပ်ငွေ ၂၁,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည် အစိုးရငွေချေးစာချုပ်များ ထုတ်ပေး ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။ ထို့ပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်ကလည်း၊ ထိုနှစ်အတွင်းတွင် ထိုငွေများကို ဘဏ္ဍာရေးဝန်ကြီးအား ထုတ်ချေးရ မည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည် မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်း များ သတ်မှတ်၍၎င်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များ ထား၍၎င်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ပါလီမန်၏ အက်ဥပဒေများအရသော်၎င်း၊ နိုင်ငံတော်သမတက တရားဥပဒေနှင့်အညီ ထုတ်ပြန် သော အမိန့်များအရသော်၎င်း၊ ဖွဲ့စည်းထားသော အဖွဲ့များအား၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် များအား၊ ၁၉၅၄ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွင်း ဘဏ္ဍာရေးဝန်ကြီး၏ ခွင့် ပြုချက်ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ်က စုစုပေါင်းကျပ်ငွေ ၁၀,၀၀,၀၀,၀၀၀ အထိ ထုတ်ပေး ရမည့်ချေးငွေအတွက်၊ သို့တည်းမဟုတ် ချေးငွေများအတွက် ဘဏ္ဍာရေးဝန်ကြီးက အာမခံနိုင်သည်။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့် သွင်းရမည်။

(၄) ဤအက်ဥပဒေအရ ထုတ်ပေးသည့် အာမခံစာချုပ်များနှင့် သက်ဆိုင်သော ငွေရင်းနှင့်အတိုးကို၎င်း၊ ဤအာမခံစာချုပ်များ ထုတ်ပေးသည့်ကိစ္စနှင့် ပတ်သက်၍ ကုန်ကျသည့်စရိတ်ငွေများကို၎င်း၊ ပြည် ထောင်စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်။

(၁၉၅၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတကြီး၏အတွင်းဝန်။

[အမှတ် ၆၈]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား။